Panasonic®

# အသုံးပြုပုံလမ်းညွှန်

## (အိမ်သုံး) ဆံပင်ခြောက်စက်

Model No. EH-NA27



Myanmar

Panasonic

# အသုံးပြုပုံလမ်းညွှန်

# (အိမ်သုံး) ဆံပင်ခြောက်စက်

Model No. EH-NA27

## အကြောင်းအရာ


ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန် .......... 4
အစိတ်အပိုင်းများအကြောင်း ရှင်းပြခြင်း .................. 9
ဆံပင်ခြောက်စက် အသုံးပြုနည်း .......................... 9
nanoe™ အကြောင်း .................................. 10
ဆံပင်ခြောက်စက်ထိန်းသိမ်းပြုပြင်ခြင်း .......... 10
ပြဿနာဖြေရှင်းပေးခြင်း .................................. 12
ခွဲခြားဖော်ပြပေးခြင်း .................................... 12


Panasonic စက်ပစ္စည်းအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။

**ဤစက်ပစ္စည်းအားအသုံးမပြုမီ အသုံးပြုပုံလမ်းညွှန်အား ဖတ်ရှုပြီး လမ်းညွှန်မှုအတိုင်း အသုံးပြုပါ။**

nanoe™ သည် Panasonic ကော်ပိုရေးရှင်း၏ ကုန်အမှတ်တံဆိပ်ဖြစ်သည်။ .
nanoe™ သည် ရေမှုန်များဖြင့် ဖုံးအုပ်ထားသော နာနိုအရွယ် သတ္တုအမှုန်တစ်ခုဖြစ်သည်။

## ဘေးကင်းမှုအတွက် ကြိုတင်သတိပြုရန်

လျှပ်စစ်မီးရှော့ခ်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မီးလောင်ခြင်း၊ အသက်အန္တရာယ်ဖြစ်ခြင်းနှင့် အိမ်ရာအဆောက်အဦပျက်စီးခြင်းတို့မှ ကာကွယ်နိုင်ရန် အောက်ပါ သတိပေးချက်များကို အမြဲလိုက်နာဆောင်ရွက်ပါ။

### သင်္ကေတများ၏အဓိပ္ပါယ်

အောက်ပါသင်္ကေတများသည် စက်ပစ္စည်းအညွှန်းအတိုင်းမဟုတ်ဘဲ လွဲမှားစွာ အသုံးပြုခြင်းကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်ခြင်း၊ ထိခိုက်ဒဏ်ရာရနိုင်ခြင်းနှင့် အဆောက်အဦပျက်စီးနိုင်ခြင်း အဆင့်ဆင့်တို့ကို ခွဲခြားဖော်ပြပေးထားပါသည်။

| | |
|---|---|
| ⚠ DANGER | ပြင်းထန်စွာဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းကိုဖြစ်စေနိုင်သော ဘေးအန္တရာယ်ကို သတိပေးသည်။ |
| ⚠ WARNING | ပြင်းထန်စွာဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းကိုဖြစ်စေနိုင်သော ဘေးအန္တရာယ်ကို သတိပေးသည်။ |
| ⚠ CAUTION | ဒဏ်ရာအသေးအမွှားရခြင်း သို့မဟုတ် အရာဝတ္ထုပျက်စီးခြင်းကိုဖြစ်ပေါ်စေနိုင်သော အန္တရာယ်ကို သတိပေးသည်။ |

အောက်ပါသင်္ကေတများသည် လိုက်နာရမည့်ညွှန်ကြားချက်များကို ခွဲခြားဖော်ပြပေးသည်။

| | |
|---|---|
| 🛇 | ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ရန် တားမြစ်ကြောင်း ဖော်ပြပါသည်။ |
| ❗ | ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ဘေးကင်းစွာပြုလုပ်နိုင်ရန် အချက်ပြပေးသည်။ |

# အရေးကြီးသောဘေးအန္တရာယ်ကင်း လမ်းညွှန်ချက်များ

ဤစက်ပစ္စည်းအားအသုံးပြုနေစဉ် အထူးသဖြင့်ကလေးသူငယ်များအနီးအနားတွင်ရှိနေစဉ် အောက်ပါအချက်များအပါအဝင် အခြေခံဘေးကင်းမှုကြိုတင်ကာကွယ်ရေးအချက်များကို အမြဲလိုက်နာရန်လိုအပ်ပါသည်။

## အသုံးမပြုမီညွှန်ကြားချက်အားလုံးကိုဖတ်ပါ။

### ရေနှင့်ဝေးရာတွင်ထားပါ

### ဘေးအန္တရာယ်

လျှပ်စစ်ပစ္စည်းအများစုသည် မီးခလုတ်ပိတ်ထားသော်လည်း လျှပ်စီးကြောင်းများ ကားစီးဆင်းနေတတ်ကြပါသည်။

**လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကြောင့်သေဆုံးရခြင်းအန္တရာယ်မှ လျှော့ချရန် -**

၁။ အသုံးပြုပြီး ချက်ချက်မီးပလပ်ကို အမြဲဖြုတ်ပါ။
၂။ ရေချိုးနေစဉ်အတွင်း အသုံးမပြုပါနှင့်။
၃။ ရေကန်အတွင်းသို့ပြုတ်ကျနစ်မြုပ်နိုင်သောနေရာတွင် စက်ပစ္စည်းကိုမထားပါနှင့်။
၄။ ရေ သို့မဟုတ် အခြားအရည်တစ်ခုခုအတွင်းသို့ မချထားပါနှင့်။
၅။ အကယ်၍ စက်ပစ္စည်းသည် ရေထဲသို့ကျသွားပါက ချက်ချင်းပလပ်ကိုဖြုတ်ပါ။ **ရေထဲသို့လက်မနှိုက်ပါနှင့်။**

### သတိပေးချက်

**အပူလောင်ခြင်း၊ ဓာတ်လိုက်ခြင်း၊ မီးလောင်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း အန္တရာယ်ကိုလျှော့ချရန် -**

၁။ စက်ကိုပလပ်တပ်ထားလျက်အနေအထားဖြင့် မည်သည့်အခါမှ မထားခဲ့သင့်ပါ။
၂။ ကလေးသူငယ်များ သို့မဟုတ် ကိုယ်အင်္ဂါချို့တဲ့သူများအနေဖြင့် စက်ကိုအသုံးပြုမည်ဆိုပါက အနီးကပ်စောင့်ကြည့်ရန်လိုအပ်ပါသည်။

၃။ လက်စွဲစာအုပ်တွင်ပါရှိသည့်အတိုင်း ဤစက်ပစ္စည်းကို ၎င်း၏ရည်ရွယ်ချက်အတိုင်းသာ အသုံးပြုရမည်။ ထုတ်လုပ်သူ၏အကြံပြုချက်မပါသော တွဲဖက်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၄။ မီးကြိုးသို့မဟုတ် ပလပ်ပျက်စီးနေပါက၊ စက်ပစ္စည်းကောင်းစွာအလုပ်မလုပ်ပါက၊ သို့မဟုတ် ရေထဲသို့ပြုတ်ကျခဲ့ပါက ဤစက်ပစ္စည်းကို မည်သည့်အခါမျှ အသုံးမပြုပါနှင့်။ ပြန်လည်ပြုပြင်ရန်နှင့်စမ်းသပ်စစ်ဆေးရန် ဝန်ဆောင်မှုဌာနသို့ ပြန်လည်အပ်နှံပါ။

၅။ ပူသောမျက်နှာပြင်နှင့်ဝေးသောနေရာတွင် မီးကြိုးကိုထားပါ။ မီးကြိုးကို စက်၏ကိုယ်ထည်တွင် ရစ်ပတ်မထားပါနှင့်။

၆။ စက်၏လေဝင်။ထွက်ပေါက်များကို မည်သည့်အခါမျှ မပိတ်ဆို့ပါနှင့် သို့မဟုတ် လေဝင်/ထွက်ပေါက်ကို ပိတ်စေနိုင်သည့် အိပ်ယာ သို့မဟုတ် ဆိုဖာကဲ့သို့သော နူးညံ့သည့်မျက်နှာပြင်တွင်မထားပါနှင့်။

၇။ အိပ်နေစဉ် မည်သည့်အခါမျှအသုံးမပြုပါနှင့်။

၈။ မည်သည့်အပေါက်တွင်းထဲသို့မဆို အရာဝတ္ထုအပိုင်းအစများ မချမိပါစေနှင့်။

၉။ အခန်းပြင်ပ သို့မဟုတ် စပရေးဖြန်းထားသောနေရာ သို့မဟုတ် အောက်ဆီဂျင်ထုတ်လွှတ်ထားသောနေရာနီးနားတွင် အသုံးမပြုပါနှင့်။

၁၀။ ဤစက်ပစ္စည်းကို ဆင့်ပွားမီးကြိုးဖြင့်သွယ်တန်း၍ အသုံးမပြုပါနှင့်။

၁၁။ မျက်လုံး သို့မဟုတ် အပူဒဏ်မခံနိုင်သောနေရာများသို့ လေပူများဖြင့် တိုက်ရိုက်မမှုတ်ပါနှင့်။

၁၂။ အသုံးပြုနေစဉ် ဆက်စပ်ပစ္စည်းများ ပူလောင်နိုင်ပါသည်။ ၎င်းတို့ကို မကိုင်တွယ်မီ အအေးခံထားပါ။

၁၃။ စက်ကိုဖွင့်ထားနေစဉ် မည်သည့်မျက်နှာပြင်ပေါ်သို့မျှ ချမထားပါနှင့်။

၁၄။ စက်ကိုအသုံးပြုနေစဉ် ဆံသားများကို လေဝင်ပေါက်နှင့်ခပ်ခွာခွာထားပါ။

၁၅။ ဗို့အားလွှဲပြောင်းကိရိယာနှင့်တွဲဖက်အသုံးမပြုပါနှင့်။

၁၆။ ဗို့အား ၂၂၀။ ၂၄၀ စနစ်အသုံးပြုသောနိုင်ငံများတွင် အသုံးမပြုပါနှင့်။ (ဗို့အား ၁၂၀ စနစ်ဖြင့်သာအသုံးပြုပါ)

# ဤလမ်းညွှန်ချက်များကို သိမ်းဆည်းထားပါ

## ⚠ သတိပြုရန်

**ကလေးသူငယ်များလက်လှမ်းမီသောနေရာတွင် မသိမ်းဆည်းပါနှင့်။**
**ကလေးသူငယ်များကို ကိုင်တွယ်အသုံးပြုခွင့်မပြုပါနှင့်။**
- ထိုသို့ပြုမိပါက အပူလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။

---

**ဆန်းသစ်ခြင်း၊ အစိတ်အပိုင်းများဖြုတ်ခြင်း သို့မဟုတ် ပြုပြင်ခြင်းတို့ကို မည်သည့်အခါမျှ မလုပ်ဆောင်ပါနှင့်။**
ထိုသို့ပြုမိပါက ပုံမှန်မလည်ပတ်နိုင်ဘဲ မီးစထွက်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ကိုဖြစ်ပေါ်စေနိုင်ပါသည်။ ပြုပြင်ရန်အတွက် တရားဝင်ဝန်ဆောင်မှုဌာနသို့ ဆက်သွယ်ပါ။

---

**မီးကြိုးကို ပျက်စီးအောင်လုပ်ခြင်း၊ ဆန်းသစ်ခြင်း သို့မဟုတ် အလွန်အမင်းကွေးခေါက်ခြင်း ဆွဲဆန့်ခြင်း သို့မဟုတ် လိမ်ကျစ်ထားခြင်းမပြုလုပ်ပါနှင့်။ လေးလံသောအရာများကို တင်ထားခြင်း သို့မဟုတ် မီးကြိုးကိုဖဲ့ကုတ်ခြင်း မပြုလုပ်ပါနှင့်။**
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် ဆားကစ်ပြတ်တောက်မှုကြောင့်မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

---

**မီးကြိုးခေါက်လျက်သားအနေအထားဖြင့် အသုံးမပြုပါနှင့်။**
- ထိုသို့ပြုမိပါက မီးလောင်ခြင်း သို့မဟုတ် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။

---

**သိမ်းဆည်းသောအခါတွင် မီးကြိုးကို စက်ကိုယ်ထည်ဖြင့်ပတ်ရစ်ခြင်း မပြုလုပ်ပါနှင့်။**
- ထိုသို့ပြုမိပါက မီးကြိုးအတွင်းရှိ ဝါယာကြိုးမျှင်များပြတ်တောက်စေနိုင်ပြီး လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် ဆားကစ်ပြတ်တောက်မှုကြောင့် မီးလောင်ခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။



---

**ပလပ်သို့မဟုတ်မီးကြိုးပျက်စီးနေပါက သို့မဟုတ် ပူလောင်နေပါက အသုံးမပြုပါနှင့်။**
- ထိုသို့ပြုမိပါက အပူလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် ဆားကစ်ပြတ်တောက်မှုကြောင့် မီးလောင်ခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။

# ⚠ သတိပြုရန်

**ပလပ်ပေါက်ထိုးရာတွင် မမိတမိဖြစ်နေပါက စက်ကိုမည်သည့်အခါမျှ အသုံးမပြုပါနှင့်။**
- ထိုသို့ပြုမိပါက အပူလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် ဆားကစ်ပြတ်တောက်မှုကြောင့်မီးစတောက်လောင်ခြင်းတို့ဖြစ်တတ်ပါသည်။

**ရေစိုလက်ဖြင့်ပလပ်ကိုအဖြုတ်၊ အတတ်မလုပ်ပါနှင့်။**
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် ဆားကစ်ပြတ်တောက်မှုကြောင့် မီးစတောက်လောင်ခြင်းတို့ဖြစ်တတ်ပါသည်။

**ရေစိုလက်ဖြင့်စက်ကိုအသုံးမပြုပါနှင့်။**
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် ဆားကစ်ပြတ်တောက်မှုကြောင့် မီးစတောက်လောင်ခြင်းတို့ဖြစ်တတ်ပါသည်။

**မီးခလုတ်ဖွင့်လျက်သားဖြင့် စက်ကိုမချန်ထားခဲ့ပါနှင့်။**
- ထိုသို့ပြုမိပါက မီးလောင်စေနိုင်ပါသည်။

**စက်ကို ရေချိုးခန်းအတွင်း သို့မဟုတ် စိုထိုင်းမှုများသောနေရာများတွင် မသိမ်းဆည်းပါနှင့်။ ထို့အပြင် ရေဖိတ်စင်တတ်သောနေရာတွင်လည်း မထားပါနှင့်။ (ဘေစင်ကဲ့သို့သောနေရာ)**
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် မီးလောင်ခြင်းတို့ဖြစ်တတ်ပါသည်။

**လေဝင်၊ လေထွက်ပေါက် သို့မဟုတ် nanoe™ အပေါက်အတွင်းသို့ ဆံချည်မျှင်များ သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုဝင်ရောက်မိခြင်း၊ ထိုးသွင်းမိခြင်းများ မပြုမိပါစေနှင့်။**
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း သို့မဟုတ် အပူလောင်ခြင်းတို့ဖြစ်တတ်ပါသည်။

**မီးလောင်စေတတ်သောအရာများ (အရက်၊ ဘန်ဇင်း၊ သင်နာ၊ စပရေး၊ ဆံကေသာအလှကုန်ပစ္စည်းများ၊ လက်သည်းနီဖျက်ဆေးများ) အနီးအနားတွင် စက်ကို အသုံးမပြုပါနှင့်။**
- ထိုသို့ပြုမိပါက ပေါက်ကွဲခြင်း သို့မဟုတ် မီးလောင်ခြင်းတို့ဖြစ်တတ်ပါသည်။

**ဤစက်ကို စီပွားဖြင့်အသုံးပြုရန်အတွက် ထုတ်လုပ်ထားခြင်းမဟုတ်ပါ၊ သေချာထိန်းသိမ်းဂရုစိုက်အသုံးပြုရန်လိုအပ်ပါသည်။**
- ထိုသို့ပြုမိပါက အပူကျွမ်းခြင်း သို့မဟုတ် ဆက်တိုက်အသုံးပြုခြင်းနှင့်လွန်ကဲစွာ အသုံးပြုခြင်းကြောင့် မီးလောင်စေတတ်ပါသည်။

**စက်အားရေထဲသို့နစ်ခြင်းမပြုလုပ်ပါနှင့်။**
**ရေနှင့်နီးသောနေရာတွင် စက်ကိုအသုံးမပြုပါနှင့်။**
**ရေချိုးကန်၊ ရေချိုးရေပန်း၊ ဘေစင်သို့မဟုတ် ရေထည့်ထားသောခွက်များအနီးတွင် စက်ကိုအသုံးမပြုပါနှင့်။**
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ခြင်းတို့ဖြစ်တတ်ပါသည်။

**ပုံမှန်မဟုတ်သောလည်ပတ်ခြင်း၊ လုပ်ဆောင်ချက်များမှားယွင်းခြင်းတို့ဖြစ်ပေါ်ပါက အသုံးပြုခြင်းအားချက်ချင်းရပ်တန့်၍ ပလပ်ကိုဖြုတ်လိုက်ပါ။**
- ထိုသို့မပြုမိပါက မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်တတ်ပါသည်။

**<ပုံမှန်မဟုတ်သောလည်ပတ်မှု သို့မဟုတ် လုပ်ဆောင်ချက်မှားယွင်းမှုများဖြစ်စဉ်>**
- လေမထွက်ခြင်း
- စက်သည်တုန့်ဆိုင်း၊ တုန့်ဆိုင်းဖြစ်ခြင်း
- အတွင်းပိုင်းတွင် နီရဲပြီး မီးခိုးများထွက်လာခြင်း

- တရားဝင်ဝန်ဆောင်မှုပေးသောစင်တာသို့ စမ်းသပ်စစ်ဆေးရန်နှင့်ပြုပြင်ရန် ချက်ချင်းပြသပါ။

**ပလပ်ကို ပလပ်ပေါက်ထဲသို့ တိုက်ရိုက်ချိတ်ဆက်ပါ – ဆင့်ပွားဝါယာကြိုးများ အသုံးမပြုပါနှင့်။ ပလပ်ကိုထိထိမိမိအပြည့်အဝချိတ်ဆက်ပါ။ စက်တွင်ဖော်ပြထားသော ဗို့(ဗ်)အားနှင့်အညီဖြစ်သော လျှပ်စစ်ဓာတ်အားဖြင့်သာ စက်ကို အသုံးပြုပါ။**
- ထိုသို့မဟုတ်ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း တို့ကို ဖြစ်ပေါ်စေပါသည်။

**လေပူထုတ်ခြင်းအနေအထားတွင်အသုံးပြုနေစဉ် လေထွက်ပေါက်နားတစ်ဝိုက် မီးမွှားများတွေ့ရှိပါက အသုံးပြုခြင်းအားရပ်ဆိုင်းပြီး လေထွက်ပေါက်အတွင်း အပြင်မှအမှုန်များကို ဖယ်ရှားသန့်စင်လိုက်ပါ။**
- ထိုသို့မဟုတ်ပါက မီးလောင်ခြင်းကိုဖြစ်ပေါ်စေနိုင်ပါသည်။

**အသုံးပြုပြီးပါက ပါဝါခလုတ်ကိုအမြဲပိတ်ပြီး ပလပ်ကိုဆွဲထုတ်ပါ။**
- ထိုသို့မဟုတ်ပါက အပူကျွမ်းခြင်းသို့မဟုတ် မီးလောင်ခြင်းတို့ကိုဖြစ်ပေါ်စေပါသည်။

## ⚠ သတိပေးချက်

ပလပ်ကိုဖြုတ်ရာတွင် ပလပ်ကိုယ်ထည်မှကိုင်၍ဖြုတ်ပါ၊ ဝါယာကြိုးကိုကိုင်၍ မဖြုတ်ပါနှင့်။

- ထိုသို့မဟုတ်ပါက ဝါယာကြိုးအတွင်းမှ ကြေးနန်းကြိုးများကို ဖြတ်တောက်စေနိုင်ပြီး လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း တို့ကို ဖြစ်ပေါ်စေပါသည်။

ဖုန်တက်ခြင်းမှကာကွယ်ရန် ပလပ်ကိုပုံမှန်သန့်ရှင်းရေးလုပ်ပေးပါ။

- ထိုသို့မဟုတ်ပါက လျှပ်စစ်စီးမှုကို ပျက်ယွင်းစေပြီး မီးလောင်မှုကိုဖြစ်စေပါသည်။ ပလပ်ကိုဖြုတ်၍ ခြောက်သွေ့သောအဝတ်ဖြင့်သုတ်ပါ။

ရေချိုးခန်းအတွင်းအသုံးပြုပါက အသုံးပြုပြီးလျှင် ပလပ်ကိုဖြုတ်ထားပါ။ အဘယ်ကြောင့်ဆိုသော် မီးခလုပ်ပိတ်၍ထားသော်လည်း ရေနှင့်အချိန်မရွေး ထိတွေ့နိုင်ပြီး အန္တရာယ်ဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။

- ထိုသို့မဟုတ်ပါက မတော်တဆမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုတို့ဖြစ်ပေါ်စေနိုင်ပါသည်။

ဤစက်ပစ္စည်းသည် (ကလေးများအပါအဝင်) ခန္ဓာကိုယ်ချို့တဲ့သူများ၊ အာရုံကြော သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအားနည်းသူများ သို့မဟုတ် အတွေ့အကြုံနှင့် ဗဟုသုတမရှိသူများ အသုံးပြုရန်အတွက်မဟုတ်ပါ။ ၎စက်အား အသုံးပြုရန် ထိုသူတို့ဘေးကင်းမှုအတွက် တာဝန်ရှိသောသူမှ စက်အသုံးပြုပုံအား ညွှန်းပြသင်ကြားပေးထားရပါမည်။
ကလေးငယ်များ စက်ပစ္စည်းဖြင့်ဆော့ကစားခြင်းမပြုရန် စောင့်ကြည့်သင့်ပါသည်။

- ထိုသို့မဟုတ်ပါက မတော်တဆ သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်ပေါ်တတ်ပါသည်။

ဝါယာကြိုးပျက်စီးနေပါက အာမခံတွင်ဖော်ပြပေးထားသည့် ထုတ်လုပ်သည့် စက်ရုံ၏ ဝန်ဆောင်မှုကိုယ်စားလှယ်ထံတွင် လဲလှယ်ပေးရမည်။ သို့မဟုတ် အလားတူပုဂ္ဂိုလ်ထံတွင် လဲလှယ်ရမည်။

- ထိုသို့မဟုတ်ပါက မတော်တဆမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုတို့ဖြစ်ပေါ်စေနိုင်ပါသည်။

## ⚠ သတိပေးချက်

ဝါယာကြိုးလိမ်ခေါက်နေသောအနေအထားဖြင့် စက်ကို မသိမ်းဆည်းပါနှင့် အသုံးမပြုပါနှင့်။

- ထိုသို့ပြုမိခြင်းသည် ဝါယာကြိုးအတွင်းမှ ကြေးနန်းကြိုးများကို ဖြတ်တောက်စေနိုင်ပြီး လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း တို့ကို ဖြစ်ပေါ်စေပါသည်။

စက်ကိုအောက်သို့မပြုတ်ကျစေပါနှင့် သို့မဟုတ် ရှော့ခ်မဖြစ်စေပါနှင့်။

- ထိုသို့ပြုမိခြင်းသည် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့်မီးလောင်ခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။

လေဝင်ပေါက်ပျက်နေသည့် စက်ပစ္စည်းဖြင့်အသုံးမပြုပါနှင့်။

- လေဝင်ပေါက်တွင် ဆံပင်များညှိတွယ်နိုင်ပြီး သင်၏ဆံပင်များကို ပျက်စီးစေနိုင်ပါသည်။

လေထွက်ပေါက်နှင့် အဝတို့ကို မထိမိပါစေနှင့်။ ၎သည် အလွန်ပူစေနိုင်ပါသည်။

- ထိုသို့ပြုမိခြင်းသည် အပူလောင်စေနိုင်ပါသည်။

ကလေးငယ်များအတွက် အသုံးမပြုပါနှင့်။

- အပူလောင်စေနိုင်ပါသည်။

စက်ကိုအဆန့်၊ အခေါက်ပြုလုပ်ရာတွင် အောက်ပါပုံများတွင်ပြထားသည့်အတိုင်း အရိပ်ကျနေသောနေရာကို မထိပါနှင့်။

- ထိုသို့ပြုမိခြင်းသည် လက်ချောင်းများကို ထိခိုက်ဒဏ်ရာရစေနိုင်ပါသည်။



# ⚠ သတိပေးချက်

သင်၏ဆံပင်နှင့် လေထွက်ပေါက်သည်
၃ စင်တီမီတာအကွာရှိစေရန် သတိပြုရပါမည်။

- ထိုသို့မဟုတ်ပါက ဆံပင်များကို လောင်ကျွမ်းစေနိုင်ပါသည်။




ဆံပင်အား လေမှုတ်ပေးရာတွင်
သတိပြုပါ၊ သင်၏ဆံပင်နှင့် လေဝင်
ပေါက်သည် ၁၀ စင်တီမီတာအကွာ
ရှိစေရန် သတိပြုရပါမည်။

- သင်၏ဆံပင်သည် လေဝင်ပေါက်တွင် ညှိတွယ်နိုင်ပြီး ပျက်စီးစေနိုင်ပါသည်။



လူပုဂ္ဂိုလ်တို့၏ဆံပင်များကို အခြောက်ခံခြင်းနှင့် ပုံစံသွင်းခြင်းအတွက်သာ အသုံးပြုပါ။ (အိမ်မွေးတိရိစ္ဆာန်များ သို့မဟုတ် အဝတ်အစားများ၊ ရှူးဖိနပ်များ အတွက် အသုံးမပြုပါနှင့်။)

- ထိုသို့ပြုမိပါက မီးလောင်ခြင်း သို့မဟုတ် အပူလောင်ခြင်းတို့ဖြစ်ပေါ်စေနိုင်ပါသည်။

# စက်အသုံးပြုပုံလမ်းညွှန်

ဤစက်ပစ္စည်းအားအိမ်သုံးစက်ကိရိယာအဖြစ်သာရည်ရွယ်ပါသည်။

ဤစက်၏ပလပ်ငုပ်တိုင်များသည် ပိုလာရိုက်စ်များဖြစ်ကြသည်။ (တစ်ခုနှင့်တစ်ခုအရွယ်အစား မညီပါ။) ဘေးကင်းစေသောစနစ်အရ ထိုပလပ်သည် ပိုလာရိုက်စ်ပလပ်ခုံနှင့်သာအံဝင်ဂွင်ကျမည် ဖြစ်ပြီး ပလပ်ကိုအဆုံးထိထိုးသွင်းမရပါက ပြောင်းပြန်လှည့်၍ထိုးသွင်းပါ။ အကယ်၍ထိုးသွင်း မရခဲ့ပါက တတ်ကျွမ်းသည့်လျှပ်စစ်ပညာရှင်နှင့်ဆက်သွယ်ပါ။ ဤဘေးကင်းမှုလုပ်ဆောင်ချက်အား အတင်းအကြပ်မပျက်စီးပါစေနှင့်။

ဤစက်တွင် ALCI ကာကွယ်မှုစနစ်လည်းပါဝင်ပြီး ပုံမှန်လည်ပတ်မှုမျိုးမဟုတ်သော အခြေအနေများ (ရေတွင်နစ်မြှုပ်ခြင်း)တွင် စက်ကို အသုံးပြု၍မရအောင်ရပ်တန့်ပေးပါသည်။ စက်လည်ပတ်မှုရပ်တန့် သွားပါက ပြုပြင်ရန် သို့မဟုတ်စမ်းသပ်စစ်ဆေးရန် ဝန်ဆောင်မှုဌာနပို့ ပြန်လည်ပို့ဆောင်ပါ။ စက်ကို အသုံးပြုသည့်အခါတိုင်း ပလပ်အနေအထားမှန်ကန်မှုရှိမရှိကို စစ်ဆေးပါ။ ပလပ်ပေါက်ကိုထိုးသွင်းပြီး စမ်းသပ်ခြင်းခလုတ်ကိုနှိပ်ပါ။ စက်သည်ချက်ချင်းရပ်တန့်သွားပါမည်။ ပြန်လည် လည်ပတ်ရန် ပြန်လည်စတင် ခလုတ်ကိုနှိပ်ပါ။




ဤဆံပင်ခြောက်စက်သည် အလိုအလျောက် အပူလွန်ကဲခြင်းမှ ကာကွယ်ပေးသောစက်ကို းပါသည်။ အကယ်၍ စက်သည် အပူလွန်ကဲပါက ၎င်းသည် လေအေးအနေအထားသို့ ပြောင်းလဲပေးပါ လိမ့်မည်။ စက်ကို ခလုတ်ပိတ်ပြီး ပလပ်ဖြုတ်ပါ။ နောက်တစ်ဖန်ပြည်လည်အသုံးမပြုမီ မိနစ်အနည်း ငယ် အအေးခံပါ။ နောက်တစ်ဖန် ခလုတ်မဖွင့်မီ လေထွက်ပေါက်နှင့် လေဝင်ပေါက်တို့တွင် အမွှေး များနှင့်ဆံပင်များ စသည်ဖြင့် မရှိစေရန် စစ်ဆေးပါ။

## အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း




A လေထွက်ပေါက်
B အခြောက်မြန်နော်ဇယ်
C **nanoe™** ထွက်ပေါက်
D **nanoe™** မီးသီး
E လေဝင်ပေါက်
F **nanoe™** အားသွင်းပေါက်
G လက်ကိုင်
H ချိတ်ဆွဲကွင်း
I မီးကြိုး
J ပလပ်
K ပါဝါခလုတ်
အမြင့် - အားပြင်းသောလေပူ
အလယ်အလတ် - ညင်သာသောလေနွေး
လေအေး - လေအေးမှုတ်ခြင်း
ပိတ်သည်

**▶ အခြောက်မြန်နော်ဇယ်**

ဆံကေသာအား လျင်မြန်စွာခြောက်သွေ့စေရန် အခြောက်မြန်နော်ဇယ်ကိုတပ်ဆင်ပါ။ ထိုအခါလေထွက်ပေါက်သည် ဒေါင်လိုက်အနေအထားဖြစ်လာမည်။



## ဆံပင်ခြောက်စက်အား အသုံးပြုပုံ

**1** ဆံပင်ခြောက်စက်အား အသုံးမပြုမီ ပါဝါခလုတ်သည် ပိတ်ထားသော အနေအထားဖြစ်မဖြစ် စစ်ဆေးရမည်။ ပြီးနောက် ပလပ်ထိုးပြီး ပါဝါခလုတ်ကို ဖွင့်ရမည်။

**2** မိမိလိုချင်သော လေမှုတ်အားကို ရွေးချယ်ပြီး မိမိဆံပင်ကို ခြောက်သွေ့အောင်လုပ်နိုင်ပါသည်။

**3** ပါဝါခလုတ်ကို ဦးစွာပိတ်ပြီးမှ ပလပ်ကို ဆွဲဖြုတ်ရပါမည်။

**▶ မှတ်ချက်**

- အသုံးပြုနေစဉ် nanoe™ အပေါက်မှ ရေစက်များထွက်လာနိုင်ပါသည်။ ၎င်းသည်ချို့ယွင်းချက်မဟုတ်ပါ။
- nanoe™ အပေါက်မှ ဒုတ်ဒုတ်မြည်သံကြားရနိုင်ပါသည်။ ၎င်းအသံသည် nanoe™ အားဖယ်ရှားသည့်အသံဖြစ်ပြီး ချို့ယွင်းချက်တစ်ခုမဟုတ်ပါ။
- ဤဆံပင်ခြောက်စက်အားအသုံးပြုနေစဉ် ရနံ့တစ်မျိုးကိုရပါလိမ့်မည်။ ၎ရနံ့သည် လူ့ခန္ဓာကိုယ်ကိုဆိုးကျိုးမဖြစ်စေပါ။
- nanoe™ လုပ်ဆောင်ချက်များကို အောက်ပါပုဂ္ဂိုလ်များ ထိတွေ့မခံစားနိုင်ပါ။ ဆံသားကောက်သောသူများ၊ ဆံသားထူထဲစွာကောက်သူများ၊ ဆံသားချောမွေ့သူများ၊ ဆံပင်အတိုသို့မဟုတ် လွန်ခဲ့သော ၃ လ သို့မဟုတ် ၄ လအတွင်း ဆံပင်ဖြောင့်ထားသူများဖြစ်ကြပါသည်။

Myanmar

Myanmar

# nanoe™ အကြောင်း

## nanoe™ ဆိုသည်မှာ

(nanoe™ထုတ်လွှတ်ခြင်းနည်းလမ်း - ဗို့အားပြင်း ထုတ်လွှတ်ခြင်း)

nanoe™ ဆိုသည်မှာ ရေဖြင့်ဖုံးအုပ်ထားသောသတ္တုအမှုန်ဖြစ်ပြီး ဗို့အားပြင်းပြင်းထုတ်လွှတ်ခြင်းဖြင့် ရေကိုခွဲဖြာစေပါသည်။ ၎င်း၏အချင်းသည် ရေမှုန်တစ်မှုန်၏ ၁/၁၀၀ ထက်ပို၍သေးငယ်ပြီး မျက်စိဖြင့်မမြင်နိုင်ပါ။ nanoe™ သည် လေထုထဲမှ ရေများကိုစုဝေးစေခြင်းဖြင့်ရရှိသောကြောင့် ပတ်ဝန်းကျင်းလေထုအပေါ်မူတည်ပြီး အချို့အချိန်အခါများတွင် ထုတ်လွှတ်ရန်ခက်ခဲနိုင်ပါသည်။ (အေးစက်ပြီးစိုထိုင်းမှုလျော့နည်းနေသောအခါ လေထုထဲရှိရေကို စုဝေးရန်ပို၍ခက်ခဲပါသည်။)

## nanoe™ အလုပ်လုပ်ပုံ

ယေဘုယျအားဖြင့် ဆံပင်သည်လျှပ်စစ်အဖိုဓာတ် ဂုဏ်သတ္တိပါဝင်ပါသည်။ ဤဂုဏ်သတ္တိကြောင့် လျှပ်စစ်အမဓာတ်အားအပြည့်ရှိသည့် nanoe™ နှင့်ပေါင်းစပ်ကာ ဆံသားများအတွင်းသို့ စိုစွတ်စွာ ထိုးဖောက်ဝင်ရောက်စေပါသည်။ ထိုထက်ပို၍ ၎တို့သည်ဆံကေသာကို အနည်းငယ်အက်ဆစ်ဓာတ်ရစေပြီး ဆံကေသာကိုကျစ်လစ်ကာ၊ ကျန်းမာသန်စွမ်းစေပါသည်။

## nanoe™ ထွက်ပေါက်

nanoe™ သည် ဆံသားများကို ဆက်တိုက်ထိုးဖောက်နေစဉ် ဆံသားများသည် လျှပ်စစ်အမဓာတ်အားနှင့်ပေါင်းစပ်သွားပါသည်။ ရလဒ်အနေဖြင့် nanoe™ နှင့် လျှပ်စစ်အမဓာတ်ပေါင်းစပ်သွားသောဆံသားတို့သည် အချင်းချင်းတွန်းကန်ကာ ညညေသန္တသြည် ဆံသားများဆီ ရောက်ရှိရန်ခက်ခဲသွားပါသည်။ nanoe™ ထုတ်လွှတ်မှုစနစ်နှင့်အတူ ၎ထွက်ပေါက်ကို လက်ကိုင်နှင့်တွဲ၍ညစ်ခြင်းအားဖြင့် ဆံသားများပေါ်တွင် စုဝေးလာသောလျှပ်စစ်အမဓာတ်များ ထွက်ပေါ်လာပါသည်။ ဤသို့အားဖြင့် nanoe™ သည် ဆံသားများအတွင်းထိုး ဆက်လက်ထိုးဖောက်ဝင်ရောက်ပြီး စိုစွတ်မှုကိုထောက်ပံ့ကာ ဆံသားထိပ်ဖျားများကို စိုပြည်စေပါသည်။

# ဆံပင်ခြောက်စက်အား သန့်ရှင်းရေးပြုလုပ်ခြင်း

- ပါဝါခလုတ်ကို အမြဲပိတ်ထားပြီးမှ ပလပ်ကိုဖြုတ်ပါ။ (လေထွက်ပေါက်အား သန့်ရှင်းရေးလုပ်သည့်အချိန်မှလွဲ၍)

## ဆံပင်ခြောက်စက်ညစ်ပေလာသောအခါ စက်၏ကိုယ်ထည်ကိုသန့်ရှင်းရေးပြုလုပ်ပေးပါ။

ကိုယ်ထည်အိမ်ကို ရေသို့မဟုတ်ဆပ်ပြာရည်အနည်းငယ်စွတ်ထားသော အဝတ်စပျော့ဖြင့်သာ သန့်ရှင်းရေးပြုလုပ်ပါ။

**▶ သတိပြုရန်**

- အရက်ပြန်၊ ပေါ်လစ်ဖျက်ဆေးရည်၊ သို့မဟုတ် ဆပ်ပြာ (လက်ဆေးဆပ်ပြာရည် စသည်ဖြင့်) တို့ကို အသုံးမပြုပါနှင့်။
- ထိုသို့ပြုမိခြင်းသည် ချို့ယွင်းမှုဖြစ်ပေါ်စေပြီး အစိတ်အပိုင်းများကွဲအက်ခြင်း အရောင်လွင့်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။
- ဆံပင်ခြောက်စက်အား ဆံပင်ဆေးများ သို့မဟုတ် လက်ကိုင်။ကိုယ်ထည်တို့တွင် တွယ်ကပ်နေသေးသောမိတ်ကပ်များနှင့် ရောနှောထားမိပါက ပလပ်စတစ်ကို ပျက်စီးစေခြင်း၊ အရောင်လွင့်ခြင်း သို့မဟုတ် ကွဲအက်ခြင်းနှင့် ပုံမှန်လည်ပတ်မှုမရှိတော့ခြင်းတို့ ဖြစ်စေနိုင်ပါသည်။

## nanoe™ အပေါက်အားသန့်ရှင်းရေးပြုလုပ်ခြင်း

nanoe™ ပေါက်ကို တစ်လလျှင် တစ်ကြိမ်ခန့်သန့်ရှင်းရေးပြုလုပ်ပါ။

- ဈေးကွက်အတွင်းရှိ ရောင်းချသောဂွမ်းစများကို အသုံးပြုပါ။ (ကလေးများအတွက် ပြုလုပ်ထားသော ပါးလွှာသောဂွမ်းအပြားများကို အသုံးပြုရန် အကြံပြုပါသည်)
- ဤသို့သန့်ရှင်းရေးပြုလုပ်ခြင်းဖြင့် nanoe™ ထုတ်လွှတ်နိုင်မှုကို ကြာရှည်စေပါသည်။

၁။ ဂွမ်းစကိုရေနှင့်စွတ်လိုက်ပါ။

၂။ ဂွမ်းအားအတွင်းသို့အဆုံးထိရောက်သည်အထိ ထည့်သွင်းပါ။ (ခန့်မှန်းခြေ ၁ စင်တီမီတာ (၃/၈ လက်မ ခန့်)၊ ထိုနောက် ၂ ကြိမ် ၃ ကြိမ်ခန့် လှည့်ပါ။



nanoe™ ထွက်ပေါက်

## လေဝင်ပေါက်အား သန့်ရှင်းရေးလုပ်ခြင်း

လေဝင်ပေါက်အား တစ်လလျှင်တစ်ကြိမ် သို့မဟုတ် ထိုထက်ပို၍ သန့်ရှင်းရေးလုပ်ပါ။

- လေဝင်ပေါက်တွင် တွယ်ကပ်နေသော ဆံပင်များ၊ အမှုန်အမွှားများကို သွားပွတ်တံ သို့မဟုတ် တစ်ရှူးစဖြင့် သန့်ရှင်းရေးလုပ်ပါ။





- လက်သည်း သို့မဟုတ် အခြားချွန်ထက်သောအရာများနှင့် ဖိခြင်း ပွတ်တိုက်ခြင်းတို့မပြုလုပ်ပါနှင့်။ ထိုသို့ပြုမိပါက လေဝင်ပေါက်ကိုပျက်စီးစေတတ်ပါသည်။

(အကယ်၍ လေဝင်ပေါက်အတွင်း ဖုန်များရှိနေပါက ဖုန်စုပ်စက်(a)ဖြင့် ဖယ်ရှားရန်အကြံပြုပါသည်။)




## လေထွက်ပေါက်အား သန့်ရှင်းရေးလုပ်ခြင်း

Clean the air outlet once a month or over.

- လေထွက်ပေါက်အားသန့်ရှင်းရေးလုပ်သည့်အချိန်မှသာ မီးပလပ်ပေါက်တွင်ထိုးထားရမည်။
- သွားပွတ်တံကိုအသုံးပြုပါ။
- သွားပွတ်တံဖြင့် ပွတ်တိုက်ပေးနေစဉ် ပိတ်စို့နေသော ဖုန်မှုန့်များလွင့်ထွက်သွားစေရန် ပါဝါခလုတ်ကို လေအေးနေရာတွင်ထား၍ မှုတ်ထုတ်ပါ။
- သန့်ရှင်းရေးပြုလုပ်ရာတွင် လေဝင်ပေါက်ကို လက်ဖြင့်မပိတ်ထားရပါ။
- သန့်ရှင်းရေးပြုလုပ်ပြီး ပထမဆုံးပြန်လည် အသုံးပြုပါက သတိပြုပါ။ ဖုန်းမှုန့်များ လွင့်စင် ထွက်လာနိုင်ပါသည်။



# ချို့ယွင်းချက်ရှိခြင်း

| ချို့ယွင်းမှု | ဖြစ်နိုင်ခြေအကြောင်းအရာ | ဖြေရှင်းချက် |
|---|---|---|
| လေပူစနစ်ဖွင့်ထားစဉ် လေအေးစနစ်သို့ ထပ်ခါထပ်ခါ ကူးပြောင်းသွားခြင်း သို့မဟုတ် စက်အတွင်းတွင် မီးမွှားများကိုမြင်တွေ့ရခြင်း(ဤမီးမွှားများသည် ကာကွယ်မှုကိရိယာ (သာမိုစတက်) ကြောင့် ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။) ၎င်းတို့သည် အန္တရာယ်မဖြစ်စေနိုင်ပါ။ | မှုန်အမွှားများသည် လေဝင်ပေါက် သို့မဟုတ် လေထွက်ပေါက်တွင် စုပုံနေသောကြောင့်ဖြစ်သည်။<br>လေဝင်ပေါက်တွင် ဆံပင် သို့မဟုတ် တစ်ခုခုသည် ပိတ်ဆို့နေပါသည်။ | စုပုံနေသောအမှုန်များကိုဖယ်ရှားပါ။<br>လေဝင်ပေါက်ကို မပိတ်စို့ပါနှင့်။ |
| လေပူများသည် လေအေးများအဖြစ်သို့ ထပ်ခါထပ်ခါ ပြောင်းလဲသွားပါသည်။ | | |
| လေပူများသည် ပုံမှန်မဟုတ်သောအပူမျိုးဖြစ်နေပါသည်။ | | |
| ပလပ်သည် ပုံမှန်မဟုတ်ဘဲ ပူနေပါသည်။ | မီးပလပ်ခုံနှင့်ချိတ်ဆက်ရာတွင် မမိတမိဖြစ်နေပါသည်။ | အံဝင်ခွင်ကျသော မီးပလပ်ခုံကို အသုံးပြုပါ။ |
| nanoe™ ထွက်ပေါက်တွင် မီးမွှားများမြင်တွေ့ရခြင်း | ပုံမှန်မဟုတ်ဘဲ ညစ်ပေနေသောလျှပ်စီးခေါင်းလေးကြောင့်ဖြစ်သည်။ (သေးငယ်သောအစိတ်အပိုင်း) | nanoe™ ပေါက်အား သန့်ရှင်းရေးပြုလုပ်ပါ။ |
| nanoe™ ထွက်ပေါက်မှ ဆူညံသံထွက်ပေါ်ခြင်း (ကွဲအက်သံ) | | |

ချို့ယွင်းမှုကို မဖြေရှင်းနိုင်ပါက စက်ကိုဝယ်ယူခဲ့သောဆိုင်သို့ ဆက်သွယ်အကြောင်းကြားပါ သို့မဟုတ် ပြုပြင်ရန်အတွက် Panasonic တရားဝင်အသိအမှတ်ပြုဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။

# အသေးစိတ်ဖော်ပြခြင်း

| စက်ပစ္စည်းအမျိုးအမည် | ဆံပင်ခြောက်စက် |
|---|---|
| မော်ဒယ် | EH-NA27 |
| မီးအား | 125 V ～ 60 Hz |
| ပါဝါသုံးစွဲခြင်း | 1400 W |
| အပိုပစ္စည်း | အခြောက်မြန်နော်ဇယ်အဖုံး |

ဤစက်ပစ္စည်းကို အိမ်တွင်းသုံးအတွက်သာရည်ရွယ်ပါသည်။




This message about...

**G**ROUND
**F**AULT
**C**IRCUIT
**I**NTERRUPTERS

...can save a life!

## အကယ်၍ဆံပင်ခြောက်စက်အား ရေချိုးခန်းအတွင်း တပ်ဆင်အသုံးပြုရမည်ဆိုပါက GFCI* ကို တပ်ဆင်ပါ။

တတ်ကျွမ်းသောလျှပ်စစ်ပညာရှင်မှ အသင့်လျော်ဆုံးဖြစ်မည့်အမျိုးအစားကို ရွေးချယ်ပေးပါလိမ့်မည် - ရွေ့ပြောင်းနိုင်သောအမျိုးအစားနှင့် ပုံသေတပ်ဆင်သောအမျိုးအစားဟူ၍ ရွေးချယ်နိုင်ပါမည်။ ရေချိုးခန်းများအတွင်းတွင် တပ်ဆင်သော့်ယူ များအတွက် နိုင်ငံလျှပ်စစ်ကုတ်လိုအပ်ပါသည်။

## GFCI ကို အဘယ်ကြောင့်တပ်ဆင်ရန်လိုအပ်ပါသနည်း။

ရေနှင့်လျှပ်စစ်သည်မပေါင်းစပ်ပါ။ အကယ်၍စက်သည် အသုံးပြုနေစဉ် ရေထဲသို့ပြုတ်ကျသွားပါက မီးခလုတ်ပိတ်ထားလျှင်ပင် လျှပ်စစ်ဓာတ်လိုက်ပြီး အသက်ဆုံးရှုံးမှုဖြစ်စေနိုင်ပါသည်။ ဤအခြေအနေမျိုးတွင် ဖြူးစ် သို့မဟုတ်လျှပ်စစ်ဘရိတ်ကာပင်လျှင် ကာကွယ်ပေးနိုင်မည်မဟုတ်ပါ။ GFCI သည် လုံလောက်သောကာကွယ်မှုကို ပေးနိုင်ပါမည်။



## GFCI သည် သင်၏အသက်ကို ကယ်တင်နိုင်ပါမည်။ ထို့ထက်ပိုသည်ကား စျေးနှုန်းသက်သာဖြစ်ပါသည်။ အချိန်မလင့်ဘဲ ယခုပင်တပ်ဆင်လိုက်ပါ။

*GFCI သည် အာရုံခံစားမှုအားကောင်းသောကိရိယာတစ်ခုဖြစ်ကာ လျှပ်စီးကြောင်းယိုစိမ့်မှုဖြစ်ပေါ်သည်နှင့် လျှပ်စစ်စီးဆင်းခြင်းကို ချက်ချင်းဖြတ်တောက်ပေးပါသည်။

English

# အသုံးပြုသူ၏ထိန်းသိမ်းမှု လမ်းညွှန်ချက်များ

ဤဆံပင်ခြောက်စက်သည် အမြင်အားဖြင့် သန့်ရှင်းရေးလုပ်ဆောင်ထိန်းသိမ်းပေးရန် မလိုအပ်ပေ။ ချောဆီမလိုအပ်ပါ။ ပုံမှန်လည်ပတ်နိုင်စွမ်းရှိရန် ဆံပင်ခြောက်စက်အား သန့်ရှင်းရေးပြုလုပ်ရန် လိုအပ်ပါသည်။ သန့်ရှင်းရေးပြုလုပ်ရန် လိုအပ်ပါက မီးကြိုးကိုပလပ်ဖြုတ်ပါ။ ထို့နောက် လေဝင်ပေါက်ကို ဖုန်းမှုန့်နှင့်အမှုန်အမွှားများကို ဘရပ်ရှ်အသေး သို့မဟုတ် ဖုန်သန့်စင်ကိရိယာပါဝင်သော ဘရပ်ရှ်ဖြင့် သန့်စင်ပေးရပါမည်။ စက်၏ပြင်ပကိုယ်ထည်ကို အဝတ်စအစိုဖြင့်သာသန့်စင်ပေး သင့်ပါသည်။
ဤဆံပင်ခြောက်စက်ကို ကလေးများနှင့်ဝေးရာတွင် သိမ်းဆည်းပါ။

သတိပေးချက် – လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် မီးလောင်ခြင်းမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာပါ။

၁။ ထိန်းသိမ်းပြုပြင်မှုမပြုလုပ်ပါနှင့်။ ဤဆံပင်ခြောက်စက်သည် အသုံးပြုသူပြုပြင်နိုင်သော အစိတ်အပိုင်းများမပါရှိပါ။
၂။ ပါဝါကြိုးကို မည်သည့်အခါမှ ဆွဲဆန့်ခြင်း၊ ချိုးလိမ်ခြင်း သို့မဟုတ် အလွန်အကျွံ ကွေးခေါက်ခြင်း မပြုလုပ်ပါနှင့်။
၃။ စက်၏ကိုယ်ထည်ပတ်လည်တွင် မီးကြိုးကို တင်းကြပ်စွာမရစ်ပတ်ပါနှင့်။ အတွင်းသားဝါယာကြိုးများပျက်စီးပြီး စက်အတွင်းဝင်ရောက်သောလျှပ်စစ်အားကိုဖြတ်တောက်စေနိုင်ပါသည်။ မီးကြိုးပျက်စီးမှုရှိမရှိကို အခါအားလျော်စွာ စစ်ဆေးပါ။ ပျက်စီးမှုကို မြင်တွေ့ရပါက အသုံးပြုခြင်းမှချက်ချင်းရပ်ဆိုင်းပါ။

**တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့်အလှကုန်ပစ္စည်းများ**

**USA အတွက်သာ**

**ရက် – ၃၀ အရည်အသွေး**
**စိတ်ကျေနပ်မှုအာမခံချက်**

Panasonic ထုတ်ကုန်အမျိုးအစားများနှင့်ပတ်သက်၍စိတ်ကျေနပ်မှုမရှိပါက ဝယ်ယူသည့် နေ့စွဲပါဘောက်ချာနှင့်အတူ အပိုအစိတ်အပိုင်းများ၊ လမ်းညွှန်မှုစာအုပ်များကို အော်ရဂျင်နယ် ထုတ်ပိုးမှုထဲသို့ထည့်ကာ ရက် ၃၀ အတွင်း ဝယ်ယူခဲ့သည့်နေရာသို့ပြန်လည် အပ်နှံနိုင်ကာ ပစ္စည်းတန်ဖိုးငွေကို ပြန်လည်ထုတ်ယူနိုင်ပါသည်။ သို့မဟုတ် 1-800-338-0552 သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။
စက်ပစ္စည်းအားချိုယွင်းအောင်ပြုလုပ်ထားပါက အာမခံချက်ပျက်ပြယ်သွားပါမည်။

**အဆင်ပြေလွယ်ကူစေရန်အတွက် ပြည်တွင်း (USA အတွက်သာ) တွင် အပိုပစ္စည်းများကို 1-800-332-5368 သို့ ဖုန်းခေါ်ဆိုပြီး ဝယ်ယူနိုင်ပါသည်။**

**IN USA CONTACT:**
Panasonic Corporation of North America
Two Riverfront Plaza, Newark, NJ 07102-5490

**Service · Assistance · Accessories**
**Dépannage · Assistance · Accessoires**

**Call 1-800-338-0552 (In USA)**
**http://shop.panasonic.com/personal-care**
**http://shop.panasonic.com/support**

Panasonic Corporation
http://www.panasonic.com
© Panasonic Corporation 2016

Printed in Thailand
Impreso en Tailandia
EH9210NA272351 Z0916-0

Ⓜ EN, ES